# CBDRR Practice Case Studies

Myanmar Red Cross Society



၁

## ဘေးအန္တရာယ်ကျရောက်နိုင်မှုအများဆုံးရှိသောဒေသအားစီမံချက်တည်နေရာအဖြစ်သတ်မှတ်ရွေးချယ်ခြင်းဖြင့်ထိခိုက်ခံရလွယ်သောရပ်ကွက်/ လူထု၏ လိုအပ်ချက်များကိုဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်ပေးခြင်း

### အနှစ်ချုပ်

မြန်မာနိုင်ငံအတွင်းရှိ ဘေးအန္တရာယ်ကျရောက်လွယ်မှု အရှိဆုံးသောသူများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး ၄င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ၂၀၁၁-၂၀၁၅ ခုနှစ် မဟာဗျူဟာမျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်နှစ်ရပ်စလုံးကို ထင်ဟပ်စေပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘေးအန္တရာယ်ကျရောက်မှုလျှော့ပါးရေး အစီအစဉ်တိုင်းတွင် ဘေးအန္တရာယ်ကျရောက် လွယ်မှုအရှိဆုံးသော ပြည်သူများထံသို့ ရောက်ရှိရန် ပထမခြေလှမ်းမှာ ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးသော မြို့နယ်များ/ ကျေးရွာအုပ်စုများနှင့် ကျောင်းများ ရွေးချယ်ခြင်းပင်ဖြစ်ပါသည်။ ရွေးချယ်မှုများပြုလုပ်ရာ၌ သင့်တော်သောစံသတ်မှတ်ချက်များ ထားရှိပြီး ၄င်းရွေးချယ်ခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ်နှင့် ကျေးရွာအာဏာပိုင်အဖွဲ့အစည်းများ၊ ကြက်ခြေနီစေတနာ့ လုပ်အားရှင်များနှင့် ကျေးရွာရပ်ကွက်မှအဓိကအရေးပါသည့် ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ လိုအပ်သောအခြေခံစစ်ဆေးမှုလုပ်ငန်းများသည် စီမံချက်လုပ်ရန် ရွေးချယ်ရာတွင် ရည်မှန်းထားသော ဒေသများ၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ထိခိုက်ခံရလွယ်မှုအဆင့်ဆင့်တို့ဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးအတွက် အထောက်အကူရရှိစေပါသည်။

### ဘေးအန္တရာယ်ကျရောက်နိုင်မှုအများဆုံးဖြစ်သောရပ်ရွာများ၏ လိုအပ်ချက်များကိုရင်ဆိုင်ဖြေရှင်းရာတွင်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာ မြောက်လုပ်ဆောင်နည်းများ

ဘေးအန္တရာယ်ကျရောက်လွယ်မှုအရှိဆုံးဖြစ်သောရပ်ရွာပြည်သူများလိုအပ်

### မာတိကာ


+ ဘေးအန္တရာယ်ကျရောက်နိုင်မှု အများဆုံးဖြစ်သော ရပ်ရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာမြောက် လုပ်ဆောင်နည်းများ ၂
+ စီမံချက်နေရာရွေးချယ်ခြင်း ၂
+ ဘေးအန္တရာယ်ကျရောက်နိုင်ခြေအများဆုံးရှိသော မြို့နယ်များရွေးချယ်ခြင်း ၂
+ ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော ကျေးရွာအုပ်စု/ ကျေးရွာများရွေးချယ်ခြင်း ၄
+ ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော ကျောင်းများရွေးချယ်ခြင်း ၅
+ ဖြစ်မြောက်အောင်ထောက်ပံ့ပေးသောအကြောင်းအရာများ ၆
+ အခက်အခဲများ ၆
+ သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ ၇

ချက်များကို ရင်ဆိုင်ဖြေရှင်းရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များသည် အသင်းကြီး၏ ၂၀၁၁ – ၂၀၁၅ မျှော်မှန်းချက်များဖြစ်သော မြန်မာနိုင်ငံတဝှမ်းရှိ ထိခိုက်ခံရလွယ်သောသူများအတွက် ပူးပေါင်းလုပ်ဆောင်ပေးသော ဦးဆောင်လူမှုကရုဏာအသင်းအဖွဲ့ ဖြစ်ရန်နှင့် လုပ်ဆောင်ချက်များဖြစ်သော နိုင်ငံတဝှမ်းရှိ စေတနာအကျိုးဆောင်များ ပါဝင်မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်ရေးနှင့်ဘေးအန္တရာယ်စီမံခန့်ခွဲရေးတွင် လူမှုကရုဏာလုပ်ငန်းတန်ဖိုးနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် ထိခိုက်ခံရအလွယ်ဆုံးသူများ၏ ဘဝကို မြှင့်တင်ရန်ဖြစ်သည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီစေတနာ့လုပ်အားရှင်များ ကနဦးလေ့လာဆန်းစစ်မှုများပြုလုပ်နေပုံ

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူထုပါဝင်မှုနည်းဖြင့် အန္တရာယ်ကျရောက်မှုအများဆုံးနှင့် လူပတ်ဝန်းကျင်နှင့်ဖယ်ကျဉ်ခံထားရသောသူများ ထံမှထင်မြင်ယူဆချက်ဖွင့်ဟသံများကိုအများကြားသိစေသည်။

သို့သော် လူထုပါဝင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများမစတင်ခင် ဘေးအန္တရာယ် ကျရောက်လွယ်မှုအရှိဆုံး သောမြို့နယ်များ/ ရွာများ/ ရပ်ကွက်များနှင့် ကျောင်းများကိုရွေး ချယ်ရပါသည်။ယခုလက်ရှိအခြေအနေတွင်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စတင်ရွေးချယ်လုပ်ကိုင်နေသော ရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်လျော့ပါးရေးအစီအစဉ်(၅)ခုရှိသည်။

၄င်းတို့မှာရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၊ဘေးအန္တရာယ်လျော့ပါးရေးတို့ကို ဘေးအန္တရာယ် လျော့ပါးရေးဌာနအောက်တွင်လုပ်ကိုင်လျှက်ရှိပါသည်။
အဆိုပါဘေးအန္တရာယ်လျော့ပါးရေးဌာနကို၂၀၀၉ ခုနှစ်တွင်စတင်ဖွင့်လှစ်၍ လုပ်ဆောင်ခဲ့ပါသည်။[၁]

## စီမံချက်နေရာရွေးချယ်ခြင်း

စီမံချက်ပြုလုပ်မည့်နေရာရွေးချယ်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းစဉ်တိုင်း၌ စံသတ်မှတ်ချက်များချမှတ်ထားသည်။ စီမံချက်တစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိသော်လည်းကွာဟချက်များမှာ အထူးသိသာခြင်းမရှိပါ။ အောက်ပါအပိုင်းကဏ္ဍများနှင့်ဒေသအသီးသီးရှိ မတူညီသောအခြေအနေ မျိုးမျိုးတွင် စီမံကိန်းပြုလုပ်မည့်နေရာဒေသရွေးချယ်ခြင်း လုပ်ထုံးလုပ်နည်းများအဆင့်ဆင့်ကိုအသေးစိတ်ဖော်ပြထားပါသည်။

### ဘေးအန္တရာယ်ကျရောက်နိုင်မှုအများဆုံးရှိသောမြို့နယ်များရွေးချယ်ခြင်း



ကျေးရွာအခြေအနေများကိုစစ်ဆေးနိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဝန်ထမ်းများနှင့်ကျေးရွာလူထုတို့ညှိနှိုင်းဆွေးနွေးတိုင်ပင်နေကြပုံ

ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တိုင်းတွင်ဘေးအန္တရာယ်ကျရောက်နိုင်ခြေအရှိဆုံးသော မြို့နယ်များကို ရွေးချယ်ရာ၌ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် ဘေးအန္တရာယ်ကျရောက်ရောက်မှုများကိုဖော်ပြထားသောသတင်းအချက်အလက်မှတ်ထမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းမှ စတင်ပါသည်။ ဘေးအန္တရာယ်သတင်းအချက်အလက်စစ်ဆေးမှုမှရရှိသောသတင်းအချက်အလက်များနှင့်ဘေးအန္တရာယ်ကျရောက်ခံခဲ့ရသောဖြစ်စဉ်ရှိသည့်သတင်းအချက်အလက်များသည်စီမံချက်အစီအစဉ်များပြုလုပ်မည့်မြို့နယ်ရွေးချယ်ခြင်းလုပ်ငန်းများအတွက် အဓိကအချက်များပင်ဖြစ်သည်။ တစ်ခါတစ်ရံ ပြည်နယ် (သို့) တိုင်းဒေသကြီးများ စကာတင်ရွေးချယ်မှုသည် ကမ်းရိုးတမ်းဒေသများကဲ့သို့ဘေးအန္တရာယ်ကျရောက်ရောက်မှုလျော့ပါးရေးလုပ်ငန်းများနှင့် ပတ်သက်၍မိမိလုပ်ရမည့် တိကျသည့် အစီအစဉ်ရှိနေခြင်းသည်နေရာဒေသရွေးချယ်ရာတွင် ရှင်းလင်းလွယ်ကူစေပါသည်။

ဘေးအန္တရာယ်ကျရောက်ရောက်မှုလျော့ပါးရေး အစီအစဉ်များပြုလုပ်ရန် နယ်မြေဒေသအပြီးသတ်ရွေးချယ်ခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရပါသည်။ စီမံချက်လုပ်ငန်းများပြု လုပ်မည့် ပြည်နယ်နှင့်တိုင်း ဒေသကြီးများကိုရွေးချယ်ပြီးလျှင် လုပ်ငန်းများ စတင်မလုပ်ဆောင်မီ မိမိလုပ်မည့်အစီအစဉ်ကို လူထုနှင့်ရင်းနှီးစေရန်မြန်မာ နိုင်ငံကြက်ခြေနီ အသင်းမှ

၁ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်ကိုအပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်း များဖက်ဒရေးရှင်း (IFRC) ၏ထောက်ပံ့မှုဖြင့် ၂၀၀၈ခုနှစ်ကတည်းက အခြေအနေမတူညီသောပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်စတင်လုပ်ဆောင်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် စင်္ကာပူကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင်ခဲ့သည်။ မြို့ပြ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နှင့်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် ကို ရန်ကုန်၊မန္တလေးနှင့်ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသများတွင်နော်ဝေနိုင်ငံကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင်လျှက်ရှိသည်။ယင်းအစီအစဉ်နှစ်ခုစလုံးသည် ၂၀၁၃–၂၀၁၄ ကာလအတွင်းလုပ်ဆောင်ရန်လျာထားခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင်လုပ်ဆောင်နေသော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံခန့်ခွဲမှု အစီအစဉ်များသည် ၂၀၁၃–၂၀၁၅ အထိကာလအတွင်းဟောင်ကောင်ကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင် လျှက်ရှိသည်။ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအစီအစဉ်သည် ပြင်သစ်ကြက်ခြေနီနှင့် က နေဒါနိုင်ငံကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်(၅)နှစ်တာကြာမျှ လုပ်ဆောင်လျှက်ရှိသည်။

ဦးဆောင်၍ သက်ဆိုင်ရာ ဒေသအာဏာပိုင်အုပ်ချုပ်ရေး အဖွဲ့များနှင့်စီမံချက်အစီအစဉ်အားမိတ်ဆက်ခြင်းအစည်းအဝေး (Socialization meeting) တစ်ခုတွေ့ဆုံကျင်းပပေးရပါသည်။

**ပုံ ၁ မြို့နယ်ရွေးချယ်ခြင်းလုပ်ငန်းအဆင့်ဆင့်ပြပုံ**

| | |
|---|---|
| အဆင့် ၁ | မြန်မာနိုင်ငံကြက်ခြေနီအသင်းအုပ်ချုပ်ရေးအဖွဲ့မှဘေးအန္တရာယ်သင့်ခံခဲ့ရသောရာဇဝင်အထောက်အထားများပေါ်အခြေခံ၍ ပြည်နယ်(သို့)တိုင်းဒေသရွေးချယ်ခြင်း |
| အဆင့် ၂ | စီမံချက်အစီအစဉ်အားလူထုနှင့် ရင်းနှီးမှုရရှိစေရန်ပြည်နယ်/ တိုင်းဒေသအဆင့်တွင်အစီအစဉ်မိတ်ဆက်ခြင်းအစီးအဝေးပြုလုပ်ကျင်းပခြင်း |
| အဆင့် ၃ | ပဏာမရွေးချယ်ထားသောမြို့နယ်များမှစကာတင်ရွေးချယ်ခြင်း (စံသတ်မှတ်ချက်များကိုအသုံးပြုသည်) |
| အဆင့် ၄ | ပြည်နယ်/ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ပြည်နယ်/ တိုင်းအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အတည်ပြုချက်ရယူခြင်း |
| အဆင့် ၅ | မြို့နယ်အုပ်ချုပ်ရေးဌာနတွင်အစီအစဉ်မိတ်ဆက်ခြင်းအစည်းအဝေးပြုလုပ်ပြီးရွာရွေးချယ်ခြင်း |

စီမံချက်အစီအစဉ်အားလူထုနှင့်ရင်းနှီးအောင်မိတ်ဆက်ပေးခြင်းသည် ပြည်နယ်/ တိုင်းဒေသကြီးများရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြီး၏ကြီးကြပ်မှုကော်မတီဝင်များ နှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အထောက်အကူပြုသည်။ မြို့နယ်ရွေးချယ်နိုင်ရန် အတွက်လိုအပ်သောသတင်းအချက်အလက်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ကကောက်ယူပြီး ပြည်နယ်/ တိုင်းဒေသကြီးအဆင့် အစည်းအဝေးတွင် ထိုကောက်ယူရရှိခဲ့သောသတင်း အချက်အ လက်များကိုပြန်လည်တင်ပြသည်။ ဘေးအန္တရာယ်ကျ ရောက်လွယ်မှုအများဆုံး ရှိသောမြို့နယ်ရွေးချယ် သတ်မှတ်ရာတွင် အသုံးပြုသောစံသတ်မှတ်ချက်အပြည့်အ စုံကို အောက်ပါဇယား(၁) တွင်ဖော်ပြထားသည်။

ပြည်နယ်နှင့်တိုင်းဒေသရှိသက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့မှရွေးချယ်ထားပြီးသောစကာတင်ကျေးရွာများကိုပြည်နယ်နှင့်တိုင်းဒေသကြက်ခြေနီအမှုဆောင် ကော်မတီအဖွဲ့သို့တင်ပြပြီးလျှင်မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)ဌာနမ ှ ဝန်ထမ်းများနှင့်တိုင်ပင်၍အတည်ပြုဆုံးဖြတ်သည်။ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ပိုမိုထိတွေ့မှုရရှိနိုင်စေရန် ပြည်နယ်နှင့်တိုင်ဒေသကြီးဝန်ကြီးချုပ်နှင့်ညှိနှိုင်းဆွေးနွေးတင်ပြပြီးလျှင် ၄င်း၏ထောက်ခံချက်ကိုရယူရသည်။ နောက်ဆုံးအနေဖြင့် မြို့နယ်ရွေးချယ်မှုကို မြန်မာနိုင်ငံကြက် ခြေနီအသင်း ဥက္ကဌထံမှအတည်ပြုရယူရသည်။

စီမံချက်ပြုလုပ်မည့်မြို့နယ်ကိုအတည်ပြုရွေးချယ်ပြီးပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် စီမံချက်အစီအစဉ်အား လူထုနှင့်ထိတွေ့ရင်းနှီးမှုရရန် အစီအစဉ်အားမိတ်ဆက်ခြင်း အစည်းအဝေးပွဲတစ်ခုကိုပြုလုပ်ကျင်းပပေးရသည်။

**အကွက် ၁။ မြို့နယ်ရွေးချယ်ခြင်းစံသတ်မှတ်ချက်များ**

၁။ သဘာဝဘေးအန္တရာယ်ကျရောက်လွယ်ခြင်း။ လွန်ခဲ့သော ၁၀ နှစ်က မကြာခဏဆိုသလိုပင် ဘေးအန္တရာယ်ကျရောက်မှုကိုခံခဲ့ရသောမြို့နယ်များ
သတင်းအရင်းအမြစ်– မြို့နယ်ဘေးအန္တရာယ်ကျရောက်မှုမှတ်တမ်းများ၊ သမိုင်းမှတ်တမ်းများ

၂။ မြို့နယ်၏စွမ်းဆောင်ရည်ရှိမှု။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အနည်းဆုံးစစ်ဆေးရရှိသောသတ်မှတ်ချက်များအရ အဆင့်(က) (သို့) အနည်းဆုံးအဆင့်(ခ)ရရှိသောမြို့နယ်များဖြစ်ရမည်။ ၄င်းသတ်မှတ်ချက်များကို အသုံးပြုရခြင်းမှာ အရည်အသွေးရှိ သောမြန်မာနိုင်ငံကြက်ခြေနီအသင်းခွဲများထားရှိပြီးသောမြို့နယ်များဖြစ်လျှင် စီမံချက်လုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်မည်ဟုယုံကြည်သောကြောင့်ဖြစ်သည်။
သတင်းအရင်းအမြစ် – အဖွဲ့အစည်းတိုးတက်ရေးဌာနခွဲမှ ကောက်ယူစစ်ဆေးချက်မှတ်တမ်းများ

၃။ မြို့နယ်အာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီကော်မတီအဖွဲ့တို့ ပါဝင်ဆောင်ရွက်မှုမြို့နယ်တစ်ခုတွင် စီမံချက်တစ်ခုကို အကောင်ထည်ဖော်ဆောင်ရွက်ရာ၌ မြို့နယ်အာဏာပိုင်အဖွဲ့များနှင့် အထူးသဖြင့် မြို့နယ်ကြက်ခြေနီအမှု ဆောင်ကော်မတီအဖွဲ့ ကလည်းပါဝင်ဆောင်ရွက်ရန လိုအပ်ပါသည်။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများပါဝင်ခြင်းမရှိသော မြို့နယ်များကို စီမံချက်လုပ်ဆောင်ရန်မြို့နယ်အဖြစ်ရွေးချယ်ရန်မသင့်ပါ။
သတင်းအရင်းအမြစ်– မြို့နယ်အာဏာပိုင်အဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအမှု ဆောင်အဖွဲ့ဝင်များညှိနှိုင်းအစည်းအဝေး

၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အခြားဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် လုပ်ဆောင်သောသူများ အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်လွယ်သောမြို့နယ်များသည် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများလုပ်ဆောင်နေသောများက စီမံချက်ပြုလုပ် ရန် မြို့နယ်အဖြစ်ရွေးချယ်ခံရရန်အခွင့်အလမ်း ပိုများပါသည်။ စီမံချက်လုပ်ငန်းများထပ်တူဖြစ်နေခြင်းမှရှောင်ကျဉ်ရန် လက်ရှိဘေးအန္တရာယ်လျော့ပါး ရေးလုပ်ငန်းများလုပ်ဆောင်နေသော မြို့နယ်ဖြစ်ပါက ရွေးချယ်ရန်မသင့်ပါ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အခြားအဖွဲ့အစည်းများမှ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များပြုလုပ်ခြင်းမရှိသော မြို့နယ်များကိုသာ အထူးအလေးထားရွေးချယ်ရမည်။
သတင်းအရင်းအမြစ်– အခြား ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်လုပ်ဆောင်နေသောသူ များနှင့်ညှိနှိုင်းအစည်းအဝေး၊ ၄င်းတို့၏စီမံချက်အထောက်အထားမှတ်တမ်းများ

၅။ စီမံချက်ကို သွားလာရေးအဆင်ပြေမှု။ လမ်းပန်းဆက်သွယ်သွားလာရေးအဆင်ပြေမှုကို စီမံချက်အစီအစဉ်တစ်ခုကို စနစ်တကျ အကောင်ထည်ဖော်လုပ်ဆောင်ရေးတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကထည့်သွင်းစဉ်းစားသည်။ သို့သော်လည်း လက်လမ်းမှီထိတွေ့နိုင်မှုရှိမရှိ၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမှု စသော စံသတ်မှတ်ချက်များကြောင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများအား စီမံချက်ဒေသအဖြစ် မသတ်မှတ်ဟုမယူဆသင့်ပါ။ စီမံချက်အချိန်ကာလနှင့် ငွေကုန်ကျမှုပမာဏ အခက်အခဲများကို ပါထည့်သွင်းစဉ်းစားရပါသည်။
သတင်းအရင်းအမြစ်– ခရီးစရိတ်ကုန်ကျမှုများ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ လက်ရှိအတွေ့အကြုံများ

၆။ လူမှုစီးပွားရေးအခြေအနေ။ မြို့နယ်တစ်မြို့နယ်၏လူမှုစီးပွားရေးအခြေအနေမှာစီမံချက်ပြုလုပ်မည့်ဒေသအဖြစ်ရွေးချယ်ရာတွင် အဓိကစံသတ်မှတ်ချက်အဖြစ်သတ်မှတ်ရန်မသင့်တော်သော်လည်း မြို့နယ်နှစ်ခုမှာတူညီသော သဘာဝ ဘေးအန္တရာယ်ကျရောက်မှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် ပါဝင်လုပ်ဆောင်နင်မှုစွမ်းရည်များတူညီနေပါက လူမှုစီးပွားရေးပိုမိုနိမ့်ကျသော မြို့နယ်ကိုသာရွေးချယ်ရပါမည်။
သတင်းအရင်းအမြစ်– လူမှုစီးပွားရေး သတင်းအချက်အလက်များပါဝင်သည့် မြို့နယ်မှ သတင်းအချက်အလက်များ (ဝင်ငွေ၊ပညာရေး၊စည်းပွားရေးအလုပ်အကိုင်၊ကျန်းမာရေး အစရှိသော သတင်းအချက်အလက်များ)

## ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသောကျေးရွာအုပ်စု/ ကျေးရွာများရွေးချယ်ခြင်း

ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော ကျေးရွာများကို အောက်ပါရွေးချယ် ထားပြီးသောမြို့နယ်တွင် ရွေးချယ်သတ်မှတ်သည်။ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် နှင့် ရပ်ရွာဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုအစီအစဉ်နှစ်ခုလုံးတွင် ချဉ်းကပ်ပုံ၊လုပ်ထုံးလုပ်နည်းများတူညီသဖြင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏နောင်လာမည့်စီမံချက်လုပ်ငန်းများအတွက် လေ့လာသင်ယူရန် အခွင့်ရေးကောင်း တစ်ခုပင်ဖြစ်သည်။



ကျေးရွာလူထုမှ၄င်းတို့ရွာထဲရှိအန္တရာယ်ကျရောက်နိုင်မှုအမြင့်ဆုံးရှိသောအဆောက်အဦးများကို ပြသနေပုံ

အစီအစဉ်နှစ်ရပ်စလုံး အနေဖြင့်ကျေး ရွာရွေးချယ်ခြင်း အစီအစဉ်များ ကို မြို့နယ်အဆင့် စီမံချက်အစီအစဉ်နှင့် ထိတွေ့ကျွမ်းဝင်မိတ်ဆက်ခြင်း အစည်းအဝေးကျင်းပပြီးစတင်ပါသည်။မြို့နယ်ကြက်ခြေနီအမှုဆောင်ကော်မတီနှင့်အတူမြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်အဖွဲ့ဝင်များ နှင့်မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များကဇယား(၂)တွင် ဖော်ပြထားသော စံသတ်မှတ်ချက်များကိုအခြေခံပြီးစီမံချက်ကျေးရွာအကြိုရွေးချယ်မှုစာရင်း ကိုပြုစုကြပါသည်ထို့နောက်ယင်းအကြိုရွေးချယ်ထားသော ကျေးရွာများ၏ သတင်းအချက်အ လက်များ၊ အထူးသဖြင့် ရပ်ရွာလူထု ကပါဝင်ဆောင်ရွက်လိုမှုနှင့် ရပ်ရွာ၏လူမှုစီး ပွားရေးအခြေအနေများကိုစိစစ်မှုများ ပြုလုပ်ပါသည်။ တိကျသောစစ်ဆေးလွှာပုံစံ (ကနဦးစစ်ဆေးလွှာပုံစံ) ကို ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်တွင် အသုံးပြုပြီး ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ရပ်ရွာ၏အခြအနေများကို သိရှိရန်ကွင်းဆင်းလေ့လာမှုများ ပါဝင်ပါသည်။ လေ့လာတွေ့ရှိမှုများနှင့် အစကနဦးစစ်ဆေးမှုများမှရရှိသောမြို့နယ်သတင်းအချက်အလက်များအပေါ်တွင် အခြေခံ၍ကျေးရွာများ ရွေးချယ်ပါသည်။ အစီအစဉ်နှစ်ခုစလုံးတွင်မြို့နယ် ကြက်ခြေနီအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များကမြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်နှင့် ညှိနှိုင်းဆွေးနွေးပြီး အပြီးသတ်ရွေးချယ်ခြင်းကို တာဝန်ယူဆောင်ရွက်ရသည်။

## ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသောကျောင်းများ ရွေးချယ်ခြင်း

လက်ရှိအခြေအနေတွင် ကျောင်းအခြေပြုစီမံချက် သီးခြားအစီအစဉ် တစ်ခုကိုမြန်မာ နိုင်ငံကြက်ခြေနီအသင်းက လုပ်ဆောင်လျှက်ရှိသည်။ ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေး အစီအစဉ်နှင့် မြို့ပြဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်များတွင် ကျောင်းအခြေပြုလုပ်ငန်း

**ဇယား ၂။ ကျေးရွာ/ ရပ်ကွက်ရွေးချယ်ခြင်းစံသတ်မှတ်ချက်များ**

၁။ သဘာဝဘေးအန္တရာယ်ကျရောက်လွယ်ခြင်း။ လွန်ခဲ့သော ၁၀ နှစ်က ဘေးအန္တရာယ်ကျရောက်မှုကိုခံခဲ့ရသောကျေးရွာ/ ရပ်ကွက်များ

သတင်းအရင်းအမြစ်– ကျေးရွာ ဘေးအန္တရာယ်ကျရောက်မှုမှတ်တမ်းများ၊သမိုင်းမှတ်တမ်းများ

၂။ ရပ်ရွာပြည်သူလူထု၏ပါဝင်ဆောင်ရွက်လိုမှု။ကျေးရွာ/ ရပ်ကွက်နေပြည်သူများကငင်း တို့ကျေးရွာ/ ရပ်ကွက်တွင်စီမံချက်အစီအစဉ်များအကောင်ထည်ဖော်ရန် စိတ်ကူးအကြံဉာဏ်ကို သဘောတူရန်လိုအပ်သည်။ အစီအစဉ်များ အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ကွက်ကျေးရွာပြည်သူများသည်အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်သည်။ ထို့ကြောင့်ရပ်ကွက်ကျေးရွာပြည်သူများက စီမံချက်အစီအစဉ်လုပ်ငန်းများကိုစိတ်ဝင်စားမှုမရှိပါကစီမံချက်အကောင်ထည်ဖော် ဆောင်ရွက်ရာတွင်ထောက်ပံ့မှုပေးနိုင်စွမ်းမရှိဟုယူဆကာငင်းရပ်ရွာရပ်ကွက်ကိုရွေးချယ်ခြင်းမပြုသင့်ပါ။

သတင်းအရင်းအမြစ်– ကနဦးစစ်ဆေးချက်များ၊ ရပ်ကွက်နေလူထုနှင့်ဦးတည်အုပ်စုဆွေးနွေးခြင်းများ

၃။ စီမံချက်သို့ သွားလာရန်အဆင်ပြေမှု။ မြို့နယ်ရွေးချယ်မှုစနစ်နှင့်စပ်လျဉ်း ဖော်ပြထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံကြက်ခြေနီ အသင်းအတွက် သွားလာရန်အဆင်ပြေသောဒေသဖြစ်ရန်လိုအပ်ပါသည်။ အကယ်၍လမ်းပန်းဆက်သွယ်ရေးခက်ခဲပါကအောင်မြင်သောစီမံချက်လုပ်ငန်းများ အကောင်ထည်ဖော် ရန်မသေချာသောကြောင့် ရွေးချယ်ရန်မသင့်တော်ပါ။

သတင်းအရင်းအမြစ်– ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏လေ့လာရေးခရီးအတွေ့အကြုံ၊ စရိတ်ကုန်ကျမှု

၄။ လူမှုစီးပွားရေးအခြေအနေ။ မြို့နယ်အဆင့်ရွေးချယ်ခြင်းနှင့်အလားတူစွာလူမှုစီးပွားရေးအခြေအနေတစ်ခုသည် စီမံချက်ဒေသအဖြစ်ရွေးချယ်ရာတွင်သက်ရောက်မှုရှိနိုင်သည်။ အထူးသဖြင့် ရပ်ကွက်နှစ်ခု သတ်မှတ်စံနှုန်းအခြေအနေများ တူညီနေပါကလူမှုစီးပွားရေးပိုမိုနိမ့်ကျသောမြို့နယ်ကိုသာ ရွေးချယ်ရပါသည်။

သတင်းအရင်းအမြစ်– ကနဦးစစ်ဆေးတွေ့ရှိချက်များ၊စီးပွားရေးသတင်းအချက်အလက်များပါ ဝင်သည့်ရပ်ကွက်/ ရပ်ရွာမှသတင်းအချက်အလက်များ(ဝင်ငွေ၊ပညာရေး၊စီးပွားရေးအလုပ်အကိုင်၊ ကျန်းမာရေး အစရှိသည့်သည့်သတင်းအချက်အလက်များ)

စီမံချက်၏ အစိတ်အပိုင်းအဖြစ် ပါရှိပါသည်။အဆိုပါစီမံချက်အစီအစဉ်အစဉ်နှစ်ခုအောက်တွင်ရှိသောမတူညီသောလုပ်ဆောင် နည်းများကို အောက်တွင်ဖော်ပြပါ အပိုင်းကဏ္ဍများတွင် အသေးစိတ် ရှင်းလင်းထားပါသည်။ ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေး အစီအစဉ်အောက်တွင် သတ်မှတ်ထားသော အခြေခံပညာကျောင်းများအား စစ်ဆေးမှုပြုလုပ်ရန်စံသတ်မှတ်ထားသော ဖြည့်စွက်ရမည့်ပုံစံများကို မြို့နယ်ပညာရေးမှူးမှဖြန့်ဝေ၍ စစ်ဆေးမှုပြုလုပ်ပါသည်။ဤစစ်ဆေးမှုတွင်ကျောင်းတိုင်းရှိဘေးအန္တရာယ်ဖြစ် နိုင်ခြေရှိသောအရာများတည်ရှိနေမှု၊ ကျောင်းအဆောက်အဦးအမျိုးအစား၊ ယခင်ကမည်သည့်ဘေးအန္တရာယ်မျိုးနှင့်ရင်ဆိုင်ကြုံတွေ့ ဖူးခြင်း နှင့် တွေ့ကြုံဖူးပါကဘေးအန္တရာယ်ကျရောက်မှုကြောင့် ပျက်စီးထိခိုက်မှု (အထူးသဖြင့် စာသင်ကြားမှုစနစ်ကိုအနှောက်အယှက်ဖြစ်ခြင်း၊ကျောင်းရက်ရှည်ပိတ်ထားရခြင်း) လက်ရှိဘေးအန္တရာယ်ကျရောက်မှုကို ကြိုတင်ကာကွယ်ထားမှုအခြေအနေ (ကြိုတင်ကာကွယ်မှုအစီအစဉ်နှင့်ယာယီစာသင်ခန်းမအစရှိသည့်ကြိုတင်ပြင် ဆင်မှုများ) ရပ်ကွက်၏ထောက်ပံ့မှု (ကျောင်းသူ/ သားများကြိုပို့ရေးအတွက်ကြိုတင်စီစဉ်ထားမှု၊မိဘဆရာအသင်းများဖွဲ့စည်းထားရှိမှုအစရှိသည့်ထောက်ပံ့မှုများ) ယခုနှင့် ယခင်ကကျောင်းသူ/ သားများအတွက်ဘေးအန္တရာယ်လျော့ပါးရေးအသိပညာပေးမှုလုပ်ငန်းများစသည်တို့ကိုစစ်ဆေးခြင်းဖြစ်သည်။ဖြည့်စွက်ပြီးသောပုံစံများကို ပညာရေးမှူးသို့၄င်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်သို့၄င်း ပြန်လည်ပို့ဆောင်ပေးရသည်။မြို့နယ်ပညာရေးမှူးနှင့်မြို့နယ်ကြက်ခြေနီအမှုဆောင်အဖွဲ့တို့က စစ်ဆေးမှုရလဒ်များပေါ်မူတည်၍ ညှိနှိုင်းပြီး နောက်ဆုံးအဆင့် ရွေးချယ်မှုကိုပြုလုပ်ရသည်။

အထူးဦးစားပေးရွေးချယ်မှုများမှာ–

- **ဘေးအန္တရာယ်ကျရောက်နိုင်မှုအဆင့်** – အဆိုပါကျောင်းသည်ဘေးအန္တရာယ်ကျရောက်မှုအဆင့်အမြင့်ဆုံးရှိပြီး မကြာခဏဆိုသလိုပင် ဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။
- **အဆောက်အဦးအမျိုးအစား** – အဆောက်အဦးကြံ့ခိုင်မှုနှုန်းနည်းလျှင် ဘေးအန္တရာယ်ကျရောက်ထိ ခိုက်နိုင်မှုပိုမိုမြင့်မားပါသည်။
- **ရပ်ကွက်/ ကျေးရွာနေပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်မှုအခြေအနေ** – ရပ်ရွာ/ ကျေးရွာလူထုထံမှ ကူညီထောက်ပံ့မှုအနည်းဆုံးရရှိသောကျောင်းသည် ဘေးအန္တရာယ် ကျရောက်မှုအများဆုံးခံရသည်။
- **ပညာပေးလုပ်ငန်းအစီအစဉ်** – ဘေးအန္တရာယ်လျော့ပါးရေးနှင့်ဆိုင်သောအစီအစဉ်များယခင်က မရှိခြင်းနှင့် လက်ရှိအခြေအနေတွင်လုပ်ဆောင်မှုမရှိခြင်း

ယေဘုယျအားဖြင့် ဘေးအန္တရာယ်လျော့ပါးရေးစီအစဉ်အောက်ရှိ မြို့နယ်တိုင်းတွင်ကျောင်းပေါင်း၂၅ကျောင်းကို ဦးတည်သတ်မှတ်ထားသော်လည်း မြို့နယ်အကျယ်အဝန်းပေါ်တွင်မူတည်၍ ကျောင်းအရေအတွက်များကိုအတိုးအလျှော့လုပ် နိုင်သည်။ရွေးချယ်သောကျောင်းသည် စီမံချက်မှ ရွေးချယ်ထားသောကျေးရွာမှဖြစ်ရန်မလိုအပ်ပါ။ ထို့ကြောင့်ဘေးအန္တရာယ်ကျရောက်မှု အစီအစဉ်အောက်တွင် ရပ်ရွာလူထုအခြေပြုစီမံချက်နှင့် ကျောင်းအခြေပြု စီမံချက်တို့သည် ပထဝီနေရာဒေသထပ်တူရှိမနေပါ။

ကျောင်းအခြေပြု ကျောင်းဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်ပြုလုပ်ရန်အတွက် ကျောင်းအဆင့် ဆန်းစစ်မှုများပြုလုပ်ခြင်းမရှိပါ။ ကျောင်းတည်ရှိရာနေရာသည် ဘေးအန္တရာယ်ကျရောက်နိုင်မှု အများဆုံးရှိသောနေရာတွင် ရှိနေခြင်း၊ ကျောင်းသားဦးရေ ၃၀၀ နှင့် အထက်ရှိသောကျောင်းဖြစ်ခြင်းစသည့် အချက်နှစ်ချက်နှင့် ကိုက်ညီသောကျောင်းတွင် မြို့နယ်ကြက်ခြေနီ အမှုဆောင်အဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က စီမံချက်ကျေးရွာများတွင် ညှိနှိုင်းရွေးချယ်ပါသည်။ မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များတွင် ကျောင်းအခြေပြုလုပ်ငန်းများကိုယင်းစီမံချက်လုပ်ဆောင်နေသော ရပ်ကွက်များမှ ကျောင်းများတွင် ဆောင်ရွက်ပါသည်။

**ပုံ၂။ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင်ကျောင်းရွေးချယ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ပြပုံ**

| | |
|---|---|
| အဆင့် ၁ | အခြေခံပညာကျောင်းတွင် ဘေးအန္တရာယ်ကျရောက်နိုင်ခြေကို စစ်ဆေးခြင်း |
| အဆင့် ၂ | သတင်းအချက်အလက်များခွဲခြမ်းစိတ်ဖြာစစ်ဆေးခြင်းနှင့် ပဏာမကျောင်းရွေးချယ်ခြင်း |
| အဆင့် ၃ | မြို့နယ်ကြက်ခြေနီအမှုဆောင်ကော်မတီနှင့်ပညာရေးမှူးတို့ကအပြီးသတ်ရွေးချယ်ဆုံးဖြတ်ခြင်း |

**ပုံ ၃။ ကျောင်းဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် အတွက်ကျောင်းရွေးချယ်ခြင်း လုပ်ငန်းအဆင့်ဆင့်ပြပုံ**

| | |
|---|---|
| အဆင့် ၁ | မိတ်ဆက်ညှိနှိုင်းဆွေးနွေးခြင်းနှင့်အကြံဉာဏ်များရယူခြင်းအစည်းအဝေး (Advocacy meeting) |
| အဆင့် ၂ | မြို့နယ်ကြက်ခြေနီအမှုဆောင်ကော်မတီနှင့်ပညာရေးမှူးတို့ညှိနှိုင်းဆွေးနွေး၍ကျောင်းရွေးချယ်ခြင်း |

## ဖြစ်မြောက်စေရန်ပံ့ပိုးပေးသောအကြောင်းအချက်များ

ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော နေရာဒေသများရွေးချယ်ရာတွင်အဓိကကူညီထောက်ပံ့ပေးသောအချက်မှာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအအဖွဲ့များက အားတက်သရောပါဝင်ဆောင်ရွက်မှုပင်ဖြစ်သည်။မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အစိုးရအဖွဲ့အစည်းများနှင့် နှစ်ပေါင်းများစွာလက်တွဲ လုပ်ကိုင်ခဲ့ဖူးသောကြောင့် စီမံချက်ပြုလုပ်ခွင့်အတည်ပြုခြင်းလုပ်ငန်းစဉ်နှင့် လိုအပ်သောသတင်းအချက်အလက်များ လွယ်ကူလျှင်မြန်စွာရရှိနိုင်ပါသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှကြီးမှူး လုပ်ဆောင်နေသော လုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေပြီး ၄င်းတို့အား ယုံကြည်မှု ရရှိထားပြီးသောကြောင့်ဖြစ်သည်။ ထို့အပြင် မြောက်များစွာသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များပါဝင်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏စီမံချက်ရွေးချယ်မှုလုပ်ငန်းစဉ်ကို လျှင်မြန်စွာပြီးမြောက်စေပါသည်။ အထူးသဖြင့် ရပ်ရွာနှင့်ကျောင်းအဆင့်ရွေးချယ်မှုတွင်ကြက်ခြေနီစေတနာ့လုပ်အားရှင်များကဆန်းစစ်မှုများနှင့်ကွင်းဆင်းလေ့လာမှုများကိုအားတက်သရောလုပ်ဆောင်ပြီးမြို့နယ်ရှိကြက်ခြေနီအသင်းခွဲထံသို့စီမံချက်လုပ်သင့်သော နေရာဒေသကိုအကြံပြုထောက်ခံပေးသည်။ ထပ်မံ၍ ပံ့ပိုးပေးနေသည့်အချက်တစ်ခုမှာ ရွေးချယ်မှုအဆင့်ဆင့်၌တိကျသောလုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များထားရှိခြင်းဖြစ်သည်။ ထိုသို့တိကျသောဒေသရွေးချယ်သတ်မှတ်သောလုပ်ထုံးလုပ်နည်း ရှိခြင်းကြောင့်ရွေးချယ်မှုမှာတရားမျှတရုံမျှမက ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော လူထုကိုလည်းအကျိုးဖြစ်ထွန်းစေပါသည်။

## အခက်အခဲများ

**အများသဘောဆန္ဒရယူခြင်း။** တာဝန်ရှိသူများကစီမံချက်အစီအစဉ်များပြုလုပ်မည့်နေရာကိုရွေးချယ်ရာတွင် မျှတခြင်းရှိမှုသာမက အမှန်တကယ်ဘေးအန္တရာယ် ကျရောက်လွယ်ပြီး ဦးတည်သတ်မှတ်ထားသော

နေရာဒေသဖြစ်ကြောင်း အများက သဘောတူညီမှုရှိခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ထို့ကြောင့်အများသဘောတူညီမှုရရှိစေရန်ရွေးချယ်မှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သက်ဆိုင်သော အဖွဲ့အစည်းများ/ တာဝန်ခံများကိုပါဝင်စေခြင်းဖြင့်လူအများ၏သဘောထားအကြံဉာဏ်များကိုလည်းထည့်သွင်းစဉ်းစားနိုင်သည်။

**ပွင့်လင်းမြင်သာ၍ခွဲခြားမှုမရှိခြင်း။** ပထမဦးစွာစီမံချက်အစီအစဉ်များပြုလုပ် ရန်နေရာဒေသကို ရွေးချယ်ရာတွင်အလေးထားရမည့် အချက်မှာရွေးချယ်မှုလုပ်ငန်းစဉ်များအားလုံးသည်ခွဲခြားမှုမရှိဘဲ ဘေးအန္တရာယ်ကျရောက်လွယ်မှုအများဆုံးရှိသော အကြောင်းအရာ အချက်အလက်များကိုအဓိကထား၍ လေ့လာသုံးသပ်ပြီးလျှင် တရားဥပဒေနှင့်ညီညွတ်မှုရှိစေရန်နှင့် ဘက်လိုက်မှုများမရှိစေရန်ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်ရသည်။အကယ်၍ကနဦးစစ်ဆေးမှုများကောက်ယူရာတွင်လမ်းပန်းဆက်သွယ်မှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက အခက်အခဲများနှင့်အဖြစ်အပျက်များအားလုံးအပြည့်အစုံ ကိုသင်ခန်းစာရရှိမှုများနှင့်အခက်အခဲများဟူ၍မှတ်တမ်းပြုစုထားရမည်။

**မလိုလားအပ်သောနှောင့်နှေးကြန့်ကြာမှုများရှောင်ရှားခြင်း။** အစိုးရအဖွဲ့အစည်းများနှင့်ဆက်ဆံရာတွင် စီမံချက်ပြုလုပ်မည့်ဒေသရပ်ကွက်/ ကျေးရွာရွေးချယ်ရာ၌ ကြန့်ကြာစေတတ်သော အစဉ်အလာကောင်းများနှင့် နှောင့်နှေးမှုများကို ရွေးချယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ရှောင်ကြဉ်ရန်လိုအပ်သည်။ ထို့ကြောင့်စီမံချက် အစကနဦးကတည်းကအစိုးရအာဏာပိုင်

အဖွဲ့အစည်းများနှင့်ပတ်သက် ဆက်ဆံပြီး၄င်းတို့၏ယုံကြည်မှုနှင့်ပါဝင်ဆောင်ရွက်မှုတို့ ရရှိရန်မှာအရေး ကြီးသောအချက်တစ်ခုဖြစ်သည်။

ဥပမာ – စီမံချက်စတင်ရာတွင် နှောင့်နှေးစေသော စည်းမျဉ်းများအတိုင်းလုပ်ဆောင်ခြင်းကြောင့် အတည်ပြုချက်စာထုတ်ပြန်ရာတွင်ကြန့်ကြာရခြင်း၊မြို့နယ် အုပ်ချုပ်ရေးမှူး မအားလပ်၍ အစည်းအဝေးပြုလုပ်မည့်နေ့မကြာခဏ ရွှေ့ဆိုင်းရခြင်းတို့ပင်ဖြစ်သည်။ ဤကဲ့သို့ကြန့်ကြာမှုများကိုဖြေရှင်းနိုင်ရန် ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်ပေးခြင်းအစီအစဉ်နှင့်တိုက်ရိုက်ပါဝင်တွေ့ဆုံသောအစည်းအဝေး တပါတည်း ပြုလုပ်သင့်သည်။ အစည်းအဝေးအရေအတွက်များကိုလျှော့ချခြင်းဖြင့်နှောင့်နှေးကြန့်ကြာမှုများကိုလျှော့ချနိုင်ပါသည်။

**ရပ်ရွာလူထုအခြေပြုနှင့်ကျောင်းအခြေပြုလုပ်ငန်းများဆက်စပ်မှုတွင်အားနည်းမှုများရှိနေခြင်း။** စီမံချက်တစ်ခုအောက်တွင်ကျောင်းလုပ်ငန်းစဉ်များနှင့်ရွာလုပ်ငန်းစဉ်များ ကိုတစ်ပြိုင်နက်တည်း လုပ်ကိုင်နေရသောအခါမြန်မာနိုင်ငံကြက်ခြေနီအသင်း၏ကွင်းဆင်းလုပ်ကိုင်နေသောအဖွဲ့တွင် ထပ်မံဖိစီးမှုများရှိလာသည်။ ၄င်းတို့သည်တစ်ချိန်တည်းတွင်လုပ်ငန်းနှစ်မျိုးကိုတစ်ပြိုင်နက်တည်းစီစဉ်ညွှန်ကြား လုပ်ဆောင်နေရသောကြောင့်အထူးသဖြင့်ရွေးချယ်ထားသောကျောင်းများနှင့် စီမံချက်သတ်မှတ်ထားသောကျေးရွာများဝေးကွာပါက ကွင်းဆင်းလုပ်ဆောင်သောအဖွဲ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။

**ယခင်ကဖြစ်ခဲ့ဖူးသော ဘေးအန္တရာယ်သတင်းအချက်အလက်များကိုရရှိရေး။** သတင်းအချက်အလက်မှတ်တမ်းများတစ်စုတည်းတည်ရှိမနေခြင်း၊ ဌာနအသီးသီးတွင် တကွဲတပြားရှိနေခြင်းနှင့်ပျောက်ဆုံးပျက်စီးနေခြင်းများသည် သတင်းအချက်အလက်စုဆောင်းရာတွင်ရှုပ်ထွေးနိုင်သည်။ ထို့အပြင်သတင်းအချက်အလက်များကောက်ယူစီစစ်စစ်ဆေးရာတွင် လွန်ခဲ့သော(၅)နှစ်အတွင်းဖြစ်ပွားခဲ့သောဘေးအန္တရာယ်ကျရောက်မှု အဖြစ်အပျက်များကိုကောက်ယူခြင်းဖြစ်ရာ (၅)နှစ်မတိုင်ခင်က ဖြစ်ပွားခဲ့သော ကြီးမားသောဘေးအန္တရာယ်ဖြစ်ပွားမှုများကိုလစ်လျူရှုသကဲ့သို့ဖြစ်နိုင်သည်။

## သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ

- စီမံချက်အစီအစဉ်များအားလုံးအတွက် နေရာဒေသရွေးချယ်ခြင်းတွင် စုပေါင်းပါဝင်ဆောင်ရွက်သောလုပ်ကိုင်ဆောင်ရွက်နည်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဝန်ထမ်းများ၊ အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များကို ပူးပေါင်းဆောင်ရွက်စေပါက ရလဒ်တွင် တန်ဖိုးမဖြတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဘေးအန္တရာယ်လျော့ပါးရေး ပဏာမခြေလှမ်းများ စတင်ရာ၌ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်ပေးမှုကိုရရှိရုံသာမက ပါဝင်သောအဖွဲ့အစည်းများအတွက် အသိပညာနိုးကြားတိုးပွားစေပါသည်။

- ခွဲခြားမှုများမရှိစေရန်နှင့်ပွင့်လင်းမြင်သာမှုရှိစေရန် ကနဦးစမ်းသပ်စစ်ဆေးမှုများ၊ အလားတူကျောင်းဘေးအန္တရာယ်လျော့ပါးရေးစီစစ် စစ်ဆေးရေးပုံစံကိုစံသတ်မှတ်ထားသောကြောင့်အကျိုးများစွာရှိပါသည်။ ၎င်းစစ်ဆေးမှုများအသုံးပြုခြင်းဖြင့် တိကျသောရွာများ/ ကျောင်းများ ရွေးချယ်ဆုံးဖြတ်ရာတွင် ပါဝင်မည့်သူများအားလုံးအတွက်ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူနားလည်သဘောပေါက်စေပါသည်။

- စီမံချက်အစီအစဉ်များပြုလုပ်ရန် နေရာဒေသရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ မလိုလားအပ်သော ကြွေ့ကြာမှုများကို ရှောင်ကျဉ်နိုင်ရန် ဖြေရှင်းနိုင်သောနည်းလမ်းများမှာ စီမံချက်အစီအစဉ်အား ရင်းနှီးကျွမ်းဝင်အောင်ဆောင်ရွက်ခြင်းနှင့်စီမံချက်အစီအစဉ်များပြုလုပ်မည့်နေရာဒေသရွေးချယ်ခြင်းများကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခြင်းဖြင့် မလိုလားအပ်သောကြွေ့ကြာမှုများ လျော့နည်းနိုင်သည်။

- ကျောင်းအခြေပြု လုပ်ငန်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်ခြင်းသည် စီမံချက်လုပ်ငန်းများ အောင်မြင်မှုအတွက် အကျိုးကျေးဇူးများရှိသည်ဟု မှတ်ယူနိုင်သည်။ လုပ်ငန်းဆောင်တာများအကြား ဆက်နွယ်မှုတွင် အဓိကဖြစ်မြောက်အောင် ပံ့ပိုးပေးသောအချက်မှာ စီမံချက်လုပ်ငန်းများ လုပ်ဆောင်ရန် ရွေးချယ်ထားသော ကျေးရွာရပ်ကွက်များတွင်ရှိသော ကျောင်းများကို ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။



ရပ်ရွာလူထုနှင့်မြန်မာနိုင်ငံကြက်ခြေနီကွင်းဆင်းဝန်ထမ်း များဘေးန္တရာယ်ကျရောက်မှုရှိသော ရွာကိုလိုက်လံစစ်ဆေးနေကြပုံ

## ကျမ်းကိုးစာရင်း


- မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်ရွာအခြေပြု ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး စီမံခန့်ခွဲမှု အကောင်ထည်ဖော်ဆောင်ရွက်မှုလမ်းညွှန် (၂၀၀၉)
- မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲမှုဝါဒ (၂၀၁၀)
- မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲမှုဝါဒ
- မြန်မာနိုင်ငံကြက်ခြေနီအသင်း အစကနဦးဆန်းစစ်လေ့လာခြင်းအစီရင်ခံစာပုံစံ
- မြန်မာနိုင်ငံကြက်ခြေနီအသင်း–ပြင်သစ်ကြက်ခြေနီအသင်း၏ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး အစီအစဉ် (ပင်လယ်ကမ်းရိုးတမ်းဒေသ) ကနဦးဆန်းစစ်လွှာပုံစံ
- မြန်မာနိုင်ငံကြက်ခြေနီအသင်း–ပြင်သစ်ကြက်ခြေနီအသင်း၏ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး အစီအစဉ် (ပင်လယ်ကမ်းရိုးတမ်းဒေသ) အခြေခံကျောင်းများတွင် ဘေးအန္တရာယ်ကျရောက်မှုများစစ်ဆေးခြင်းမေးခွန်းလွှာ

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်လက်တွေ့ဆောင်ချက်များသည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဦးတည်ချက်တစ်ရပ်ဖြစ်သောမြန်မာနိုင်ငံအတွင်းရှိဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများတွင်မှီတင်း နေထိုင်နေကြကုန်သောရပ်ရွာနေပြည်သူပြည်သားများတွင်ဘေးအန္တရာယ် ကျရောက်မှုလျော့ပါးစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော လက်တွေ့လေ့လာခြင်းဖြစ်သည်။**

ဤဖြစ်ရပ်များသည်မြန်မာနိုင်ငံရှိမြို့နယ်၃၉မြို့နယ်မှ ခရိုင်ဒေသကြီး ၇ ခုတွင် အမှန်တစ်ကယ်ကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံ၊ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်နှင့် ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ချက်များကို စီစစ်ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်တွင်ကျေးလက်နှင့်မြို့ပြဒေသများတွင် ဘေးအန္တရာယ်လျော့ပါးရေးအသိပညာဗဟုသုတများတိုးပွားစေခြင်း၊စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း၊ (နိုင်ငံတော်အဆင့်ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့၊အရေးပေါ်တုန့်ပြန်၊ပြန်ကြားရေးအဖွဲ့)၊စေတနာ့ဝန်ထမ်းများ မွေးထုတ်ပေးခြင်း၊ကျောင်းအခြေပြုကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များကိုတသားတည်းထည့်သွင်းစဉ်းစားခြင်းစသည့်လုပ်ငန်းတာများပါဝင်သည်။ဤလုပ်ငန်းစဉ်မှတ်တမ်းများသည် နောင်တစ်ကြိမ်ပြန်လည်အသုံးချရာတွင် သင်ထောက်ကူပစ္စည်းများ၊ ကိုးကားချက်များအနေဖြင့် ပြန်လည်အသုံးပြုခြင်းသည် အကောင်းဆုံးအရာများဖြစ်သည်။ ဤလက်တွေ့လေ့လာမှုများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်မိတ်ဖက်ကြက်ခြေအနီအသင်းများဖြစ်သော ပြင်သစ်ကြက်ခြေနီအသင်း၊ ကနေဒီးယန်းကြက်ခြေနီအသင်းနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဖွဲ့စည်းပုံကိုအစကနဦးအနေဖြင့်မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။


အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤလိပ်စာဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာဇသင်္ဂဟလမ်းကြီး၊ ဒက္ခိဏသီရိ၊ နေပြည်တော်**

ဖုန်း(+၉၅) ဝ၆၇ ၄၁၉ဝ၁၇ – လိုင်းခွဲ ၂၂ဝ

ဖက် (+၉၅) ဝ၆၇ ၄၁၉ဝ၁၇


ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဖွဲ့စည်းပုံကနဦးစတင်ဆောင်ရွက်ခြင်းတို့ကိုအောက်ပါမိတ်ဖက်ကြက်ခြေနီအသင်းတို့၏ အကူအညီဖြင့်ဆောင်ရွက်ပါသည်။

| | |
|---|---|
| International Federation of Red Cross and Red Crescent Societies | အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း |
| croix-rouge française | ပြင်သစ်ကြက်ခြေနီအသင်း |
| CANADIAN RED CROSS | ကနေဒီယန်းကြက်ခြေနီအသင်း |
| American Red Cross | အမေရိကန်ကြက်ခြေနီအသင်း |

CBDRR Framework is facilitated by

adpc Asian Disaster Preparedness Center